## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
## သတ္တမနေ့**မှတ်တမ်း**

**၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက် )**

**[သောကြာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

### အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ သတ္တမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၈၆.၈၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါ တယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးရဲ့ သတ္တမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**ဦးတင်ငွေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်သော ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့ ၁၀-၂-၂၀၁၇ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုယ်စား တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ကျွန်တော် ဦးတင်ငွေ မှ ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးစောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ပြည်ထောင်စုနေ့ ပင်လုံအခမ်းအနားတက်ရောက်ရန်။ ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင် ကိစ္စ။ ဦးအောင်မျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ အစည်းအဝေး။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာကျော်သန်းထွန်း (ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအေးဗိုလ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ပညာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ လယ်ဝေးမြို့နယ် ဗိုလ်ချုပ်ကြေးရုပ်ဖွင့်ပွဲ။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၀)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၁၉)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ(၂၉)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၉)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၉)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဥ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့၊ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ငါးဦး မေးမြန်းတဲ့ မေးခွန်းများဟာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်၊ ကံပေါက်ဒေသအား သတ္တုတွင်းနယ်မြေမှပယ်ဖျက်ပြီး ရွာမြေအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဟန်ဝင်းသိန်းက တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်၊ ကံပေါက်ဒေသအား သတ္တုတွင်းနယ်မြေမှ ပယ်ဖျက်ပြီး ရွာမြေအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးဟန်ဝင်းသိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်တကွ အားလုံးမင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟန်ဝင်းသိန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖော်ပြပါ မေးခွန်းမှာပါတဲ့ ရွာဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း(၁၀၀)ကျော်ကတည်းက စတင်တည်ရှိခဲ့တဲ့ ရွာကြီးတစ်ရွာဖြစ်ပြီး အင်္ဂလိပ်အစိုးရလက်ထက်မှာလည်း ကြေးနန်းရုံးစိုက်ခဲ့တဲ့ ရွာဖြစ်ပါတယ်။ ဆိုရှယ်လစ်ခေတ်မှာလည်း ကံပေါက်တိုက်နယ်အဖြစ် တည်ရှိခဲ့တဲ့ ဒေသတစ်ခုဖြစ်ပါတယ်။ ဒီရွာကြီးဟာ ကျေးရွာ၊ ရပ်ကွက်များ တစ်ဆက်တစ်စပ်တည်း တည်ရှိတဲ့ ကျေးရွာအုပ်စုတစ်ခုဖြစ်ပြီး အိမ်ခြေပေါင်း (၂၀၀၀)ကျော်၊ လူဦးရေပေါင်း(၉၀၀၀)ကျော်တို့ အခြေကျနေထိုင်ကာ တိုက်တာအဆောက်အအုံများ၊ ဈေး၊ အထက်တန်းကျောင်း၊ ရဲစခန်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံနဲ့တကွ ကားဂိတ်၊ ဘုတာရုံ စတဲ့ မြို့ပြအင်္ဂါများနှင့်လည်း ပြည့်စုံသည့်အပြင် သမိုင်းအစဉ်အလာကြီးမားပြီး ရွာလယ်လမ်းဆုံမှာ လွတ်လပ်ရေးကျောက်တိုင်ရှိတဲ့ ရွာကြီးတစ်ရွာလည်းဖြစ်ပါတယ်။

ကံပေါက်ရွာဟာ သတ္တုတွင်းနယ်မြေအတွင်း ကျရောက်ပြီး သတ္တုတွင်းဇရိယာမှ ဖယ်ထားခဲ့သည် ဆိုသော်လည်း မည်သည့်နေရာ နယ်နိမိတ်မှ ရွာမြေ၊ မည်သည့်အပိုင်းအခြားသည် သတ္တုတွင်းဇရိယာ ဟု အတိအကျ သတ်မှတ်ပိုင်းခြားမှုကို ဒေသခံပြည်သူများက မသိရှိကြဘဲ ဖြစ်နေကြပါတယ်။ သို့အတွက်ကြောင့်လည်း ဒေသခံပြည်သူများရဲ့ မိရိုးဖလာဓားမဦးချ နှစ်ပေါင်းများစွာကတည်းက စိုက်ပျိုးလုပ်ကိုင်လာကြတဲ့ ဥယျာဉ်ခြံများဟာလည်း သတ္တုတွင်းဇရိယာအတွင်း ကျရောက်နေ၊ မနေသည်ကို မသိရှိကြရဘဲ စိုးရိမ်မှုများ ဖြစ်နေကြရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဒေသရဲ့ ဒေသခံတောင်သူ(၅)ဦးဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း(၂၀)ကျော်လောက်ကတည်းက ဓားမဦးချ စိုက်ပျိုးစားသောက်လာခဲ့ပြီး လွန်ခဲ့တဲ့ ၂၀၁၁ ခုနှစ်ကျမှ သတ္တုတူးဖော်ရေးကုမ္ပဏီတစ်ခု ရောက်ရှိလာကာ တောင်သူတွေရဲ့ ဥယျာဉ်ခြံ၊ သီးပင်၊ စားပင်များကို သတ္တုတွင်းမြေယာလုပ်ကွက် ဟုဆိုကာ စက်ယန္တရားများနဲ့ထိုးကော်ပြီး သတ္တုစက်ရုံ ဆောက်ခဲ့တဲ့အတွက် ဥယျာဉ်ခြံများ၊ မြေယာမဲ့၊ အလုပ်အကိုင်မဲ့များ ဖြစ်ခဲ့ရတယ်လို့ နစ်နာဆုံးရှုံးသူ တောင်သူများနဲ့ ဒေသခံများက ပြောပါတယ်။ ဒါ့အပြင် နှစ်ပေါင်းများစွာကတည်းက စိုက်ပျိုးထားတဲ့ ဥယျာဉ်ခြံများကိုလည်း မြေယာမှတ်ပုံတင်ပြုလုပ်ခွင့် မရရှိကြပဲ ဖြစ်နေကြရပါတယ်။ သို့အတွက်ကြောင့် တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ကံပေါက်ရွာနဲ့ ရွာရဲ့ပရိဝုဏ်ဇရိယာကို သတ္တုတွင်းနယ်မြေမှ ဖယ်ရှားပြီး

ရွာမြေအဖြစ် သတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိ ဒေသခံပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ရခိုင်ပြည်နယ်အတွင်း ပြုန်းတီးသွားသည့် ဒီရေတောများနေရာတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများကို မြန်မာ့သစ်တောမူဝါဒ ၁၉၉၅ နှင့်အညီ အနာဂတ်အတွက် တည်ထောင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်ကျော်ဇံ က ရခိုင်ပြည်နယ်အတွင်း ပြုန်းတီးသွားသည့် ဒီရေတောများနေရာတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများကို မြန်မာ့သစ်တောမူဝါဒ ၁၉၉၅ နှင့်အညီ အနာဂတ်အတွက် တည်ထောင် ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးမောင်ကျော်ဇံ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို ကျက်သရေ မင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ရခိုင်ပြည်နယ်အတွင်း ပြုန်းတီးသွားတဲ့ ဒီရေတောများနေရာမှာ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများကို မြန်မာ့သစ်တောမူဝါဒ ၁၉၉၅ နှင့်အညီ အနာဂတ် အတွက် တည်ထောင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။ မေးခွန်းခေါင်းစဉ်မှာ ရခိုင် ပြည်နယ်ကို ဦးတည်ဖော်ပြထားသော်လည်းပဲ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ပင်လယ်ကမ်းရိုးတန်းဒေသ တွေ ဖြစ်တဲ့ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနဲ့ တနင်္သာရီကမ်းမြောင်ဒေသတွေကိုပါ ရည်ရွယ်ထားခြင်း ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ ပင်လယ်ကမ်းရိုးတန်းဟာ ကီလိုမီတာ(၃၀၀၀)နီးပါး ရှည်လျားပြီး၊ ရခိုင်ပြည်နယ်ရဲ့ ပင်လယ်ကမ်းရိုးတန်းက (၇၄၀)ကီလိုမီတာ ရှည်လျားပါတယ်။ မြန်မာ့ ပင်လယ်ကမ်းရိုးတန်းဒေသများမှာရှိတဲ့ ဒီရေတောများ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ သန္တာကျောက်တန်းများ၊ ပင်လယ်မြက်နှင့် ငါးသယံဇာတများဟာ လူတွေရဲ့ အလွန်အကျွံထုတ်ယူမှု၊ စည်းကမ်းမဲ့စွာ ပြုမူမှုများ ကြောင့် မျိုးသုဉ်းပျောက်ကွယ်မယ့် အန္တရာယ်နဲ့ ရင်ဆိုင်နေကြရပါတယ်။ ရခိုင်ပြည်နယ်မှာ သစ်တော ဧရိယာ (၆၉)ရာခိုင်နှုန်းကျန်ရှိပြီး ပျမ်းမျှ (၀.၂၀)ရာခိုင်နှုန်း လျော့နည်းနေကာ ပြုန်းတီးမှုမှာ (၁.၀၆) ရာခိုင်နှုန်းရှိကြောင်း သိရပါတယ်။ ရခိုင်ပြည်နယ်ရဲ့ ဒီရေတောဖုံးလွှမ်းမှုကတော့ ၂၀၀၆ ခုနှစ် စာရင်း အရ ဧက တစ်သိန်းခြောက်သောင်းခန့်ရှိပြီး ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း ပုစွန်ကန်များပြုလုပ်ရန် မဆင်မခြင်ခုတ်ထွင်ရှင်းလင်းခဲ့မှုများကြောင့် ယခုအခါ ဒီရေတော အရည်အသွေးနိမ့်ကျနေသော ဒေသနှင့် ဆုံးရှုံးနေသောဒေသအဖြစ် ကျရောက်လျက်ရှိပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်တွေ၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ မြေပုံ၊ မင်းပြားနှင့် တောင်ကုတ်မြို့နယ်တွေမှာ ဒီရေတော (၈၅)ရာခိုင်နှုန်းကျော် ပြုန်းတီးသွားပြီး ဆိုးကျိုးများအဖြစ်

လယ်ယာမြေများကို ဆားငန်ရေဝင်ရောက်ခြင်း၊ စိုက်ပျိုးထားတဲ့ စပါးခင်းများ ပျက်စီးဆုံးရှုံးခြင်း၊ ငါးမျိုးစေ့များ လျော့နည်းလာကာ ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများ အသက်မွေးဝမ်းကျောင်းရန် ခက်ခဲလာခြင်းများနဲ့ ရင်ဆိုင်ကြုံတွေ့နေကြရပါတယ်။ ရခိုင်ပြည်နယ်ရဲ့ အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာလုပ်ငန်းနှင့် ငါးဖမ်းလုပ်ငန်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ German Watch မှ ထုတ်ပြန်တဲ့ ရာသီဥတုဖောက်ပြန်မှုကြောင့် အန္တရာယ်အများဆုံး ကျရောက်ခဲ့တဲ့ (၁၀)နိုင်ငံစာရင်းမှာ မြန်မာနိုင်ငံပါဝင်ခဲ့ပါတယ်။ မြန်မာနိုင်ငံ အတွင်း ၂၀၁၅ ခုနှစ်မှာ ဧရာဝတီ၊ စစ်ကိုင်း၊ မကွေး၊ ပဲခူးတိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှာ ရေကြီး မြေပြိုမှုများ ဖြစ်ပွားခဲ့တာဟာ သစ်တောပြုန်းတီးမှုကြောင့် ဖြစ်တယ်ဆိုတာ အာရှဖွံ့ဖြိုးရေး ဘဏ်က အတည်ပြု ပြောကြားခဲ့ပါတယ်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအတွင်း ဖွံ့ဖြိုးမှုအနိမ့်ဆုံးနှင့် ပြဿနာ အခက်အခဲပေါင်းစုံကို ရင်ဆိုင်ကြုံတွေ့နေရတဲ့ ကမ်းရိုးတန်းဒေသ၊ ရခိုင်ပြည်နယ်အတွက် အချိန်မီ ကုစားနိုင်ဖို့ ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။

**စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ မြို့သစ်မြို့ သနန်ကျေးရွာအုပ်စုတွင် ခွင့်ပြုချက်မရှိဘဲ သဘာဝ သစ်တောဧက(၅၀)ကျော်ကို ခုတ်ထွင်ရှင်းလင်းထားသော ကုမ္ပဏီအား ဥပဒေအရ မည်သို့ အရေးယူ ဆောင်ရွက်မည်ကို သိရှိလိုခြင်းနှင့် အဆိုပါမြေနေရာအား ဒေသခံပြည်သူများ တရားဝင် လျှောက်ထား လာပါက စိုက်ပျိုးလုပ်ကိုင်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။　　။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ် က စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ မြို့သစ်မြို့ သနန်ကျေးရွာအုပ်စုတွင် ခွင့်ပြုချက်မရှိဘဲ သဘာဝ သစ်တောဧက(၅၀)ကျော်ကို ခုတ်ထွင်ရှင်းလင်းထားသော ကုမ္ပဏီအား ဥပဒေအရ မည်သို့အရေးယူ ဆောင်ရွက်မည်ကို သိရှိလိုခြင်းနှင့် အဆိုပါမြေနေရာအား ဒေသခံပြည်သူများ တရားဝင်လျှောက်ထား လာပါက စိုက်ပျိုးလုပ်ကိုင်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိတို့နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။　　။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်တစ်ရပ်လုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ မြို့သစ်မြို့၊ သနန်အုပ်စုတွင် ခွင့်ပြုချက်မရှိဘဲ သဘာဝသစ်တော ဧက(၅၀)ကျော်ကို ခုတ်ထွင်ရှင်းလင်းထားသော ကုမ္ပဏီအား ဥပဒေအရ မည်သို့အရေးယူဆောင်ရွက်မည်နှင့် အဆိုပါမြေနေရာအား ဒေသခံပြည်သူများက တရားဝင် လျှောက်ထားလာပါက လုပ်ကိုင်ခွင့်ပြုနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ တမူးခရိုင်၊ မြို့သစ်မြို့၊ သနန်ကျေးရွာအုပ်စု မိုင်တိုင်အမှတ် (၃၄)အနီး တစ်ဝိုက်မှာ ပထမအကြိမ် ပြည်သူ့လွှတ်တော်မှ ကချင်ပြည်နယ်၊ ဆွန်ဗရာဘွန် မဲဆန္ဒနယ်၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးခမိုင်မုံကွမ်း(ခ) ဒူဝါခမိုင်ကန်ရဲ့ ပင်လယ်နေကြယ်ကုမ္ပဏီက ခွင့်ပြုချက်

မရှိဘဲ ကြိုးပြင်သဘာဝတော (၅၅)ဧကကို ၂၀၁၃ ခုနှစ်မှာ စတင် ခုတ်ထွင်ရှင်းလင်းခဲ့ပါတယ်။ အဆိုပါမြေပေါ်တွင် အလျား(၅၀)ပေ၊ အနံ(၃၀)ပေ၊ အဆောက်အဦတစ်လုံး အခိုင်အမာ ဆောက်လုပ်ပြီး တရားမဝင် စိုက်ပျိုးလုပ်ကိုင်နေခဲ့ပါတယ်။ ဧက(၁၃၀၀)အထိ တိုးချဲ့စိုက်ပျိုးရန် စီစဉ်နေကြောင်း သိရှိရသဖြင့် ဒေသခံပြည်သူများက အကြိမ်ကြိမ် ကန့်ကွက်ခဲ့ကြပါတယ်။

အထက်ပါကိစ္စနှင့် စပ်လျဉ်းပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ချင်းတိုင်းရင်းသားရေးရာဝန်ကြီးနှင့် တမူးခရိုင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးမောင်မောင်လတ် တို့က ခရိုင်မြို့နယ် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ ၂၀-၆-၂၀၁၆ ရက်နေ့မှာ တမူးခရိုင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တမူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်သစ်တောဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနဲ့ စာရင်းအင်းဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ကုမ္ပဏီစိုက်ခင်းတာဝန်ခံ ဦးဝင်းမြင့် အား ခေါ်ယူတွေ့ဆုံပြီး တစ်ပတ်အတွင်း ဖျက်သိမ်းဖယ်ရှားပေးရန် သတိပေးခဲ့ပါတယ်။ ၂၆-၆-၂၀၁၆ ရက်နေ့မှစပြီး စိုက်ပျိုးလုပ်ကိုင်ခြင်း မရှိတော့သော်လည်း ဆောက်လက်စ အဆောက်အဦကို ယနေ့အထိ ဖျက်သိမ်းရွှေ့ပြောင်းဖယ်ရှားခြင်း မရှိသေးပါသဖြင့် နောင်တွင် ကုမ္ပဏီမှ မြေဧကပေါင်းများစွာကို တရားမဝင် ရယူသွားမှာကို ဒေသခံပြည်သူများက စိုးရိမ်နေကြပါတယ်။

ဒါ့ကြောင့် အောက်ပါမေးခွန်းနှစ်ခုကို မေးမြန်းလိုပါတယ် ခင်ဗျား။ (၁) တရားမဝင် ခုတ်ထွင်စိုက်ပျိုးလုပ်ကိုင်ခဲ့သော ကုမ္ပဏီအား သစ်တောဥပဒေအရ မည်သို့ဆောင်ရွက်မည်နည်း။ မေးခွန်း(၂) ဒေသခံ လယ်ယာမဲ့ပြည်သူများက လျှောက်ထားလာပါက တရားဝင် စိုက်ပျိုးလုပ်ကိုင်ခွင့် ပြုနိုင်ခြင်းရှိ/မရှိ သိရှိလိုပါသဖြင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ မော်လမြိုင်-သံဖြူဇရပ် လမ်းမကြီးအရှေ့ဘက်ခြမ်း လက်တက်၊ နိုင်လှုံ၊ ကမာဝက်၊ ဂုံညင်းတန်း၊ ကလော့သော့ ကျေးရွာတစ်ကြောရှိ ဧက (၁၇၀၀) ကျော် ရော်ဘာခြံများအား ကျိုက္ကမော့ သစ်တောကြိုးဝိုင်းနယ်နိမိတ်အဖြစ် သတ်မှတ်၍ မှတ်တိုင်(ဘုတ်တိုင်)စိုက်ထူကာ စည်းကြပ်အခွန် ထမ်းဆောင်စေပါက နစ်နာမှုများ ရှိနေသောကြောင့် မူလက စိုက်ထူခဲ့သည့် နယ်ခြားမှတ်တိုင်(ဘုတ်တိုင်)နေရာတွင်ပင် ပြန်လည်စိုက်ထူပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေတင် က မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ မော်လမြိုင်-သံဖြူဇရပ် လမ်းမကြီးအရှေ့ဘက်ခြမ်း လက်တက်၊ နိုင်လှုံ၊ ကမာဝက်၊ ဂုံညင်းတန်း၊ ကလော့သော့ ကျေးရွာတစ်ကြောရှိ ဧက(၁၇၀၀)ကျော် ရော်ဘာခြံများအား ကျိုက္ကမော့ သစ်တောကြိုးဝိုင်းနယ်နိမိတ်အဖြစ် သတ်မှတ်၍ မှတ်တိုင်(ဘုတ်တိုင်)စိုက်ထူကာ စည်းကြပ်အခွန် ထမ်းဆောင်စေပါက နစ်နာမှုများ ရှိနေသောကြောင့် မူလက စိုက်ထူခဲ့သည့် နယ်ခြားမှတ်တိုင်(ဘုတ်တိုင်)နေရာတွင်ပင် ပြန်လည်စိုက်ထူပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးဖေတင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသူ အပေါင်း အားလုံးပဲ မင်္ဂလာအပေါင်းနဲ့ ခညောင်းကြပါစေခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖေတင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးက တစ်ဆင့်ကျွန်တော် မေးမြန်းမယ့် ကြယ်ပွင့်ပြမေးခွန်းက မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ မော်လမြိုင်-သံဖြူဇရပ် လမ်းမကြီးအရှေ့ဘက်ခြမ်း လက်တက်၊ နိုင်လှုံ၊ ကမာဝက်၊ ဂုံညင်းတန်း၊ ကလော့သော့ ကျေးရွာတစ်ကြောရှိ ဧက(၁၇၀၀)ကျော် ရော်ဘာခြံများအား ကျိုက္ကမော့ သစ်တောကြိုးဝိုင်း နယ်နိမိတ် အဖြစ် သတ်မှတ်၍ မှတ်တိုင်(ဘုတ်တိုင်)စိုက်ထူကာ စည်းကြပ်အခွန် ထမ်းဆောင်စေပါက နစ်နာမှုများ ရှိနေသောကြောင့် မူလက စိုက်ထူခဲ့သည့် နယ်ခြားမှတ်တိုင်(ဘုတ်တိုင်)နေရာတွင်ပင် ပြန်လည်စိုက်ထူ ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းပဲ ဖြစ်ပါတယ် ခင်ဗျား။


ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကို Power Point အသုံးပြုခွင့်ပေးဖို့ တင်ပြပါတယ်။ ဒါက ကျွန်တော်တို့သက်ဆိုင်ရာ မြေစာရင်းဦးစီးဌာနက ရော်ဘာခြံတွေဖြစ်တဲ့အကြောင်း RR သင်္ကေတပြ မြေခွန်ပြေစာ ဖြစ်ပါတယ်ခင်ဗျား။ ဒါကလည်း အလားတူပြေစာမျိုးပဲ ဖြစ်ပါတယ်ခင်ဗျား။ ဒါက မူလ ၁၉၆၃ ခုနှစ်က ထွင်းထားတဲ့ ကျွန်းတိုင်ကြီးမှာ နယ်ခြားမှတ်တိုင် သတ်မှတ်ထားတဲ့ ဒါ ရော်ဘာခြံစိုက်ပျိုးတဲ့ ဘုတ်တိုင်ကြီး ဖြစ်ပါတယ်ခင်ဗျား။ ဒါက အဝေးက ရိုက်ပြထားတဲ့ ဘုတ်တိုင်ပဲ ဖြစ်ပါတယ်ခင်ဗျား။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ ဖော်ပြတဲ့ ရော်ဘာခြံတွေက ၁၉၆၂-၁၉၆၃ ခုနှစ် ကတည်းက ကိုလံဘိုစီမံကိန်းအရ ဆင်းရဲသားများ အလုပ်အကိုင်ရရှိစေရေးအတွက် နိုင်ငံတော်ကနေ ရွှေ့ပြောင်းရော်ဘာခြံ စံပြစိုက်ကွက်ပြအဖြစ် စိုက်ပျိုးဖို့ ဒေသခံရွာသားတွေနဲ့ ရွာလူထုတွေကို မိသားစု တစ်နိုင်တစ်ပိုင် တစ်ဦးလျှင် မိသားစုအိမ်ထောင်တစ်ခုကို (၁၀)ဧကသတ်မှတ်ပြီး ရော်ဘာပင်အများ အပြားစိုက်ပျိုးစေခဲ့ရာမှ စတင်ခဲ့တဲ့ ခြံများပဲ ဖြစ်ပါတယ်ခင်ဗျား။ စတင်စိုက်ပျိုးခဲ့တဲ့ ၂၀၁၀ အဲဒီ ခုနှစ်က စပြီးတော့ လွန်ခဲ့တဲ့ ၂၀၁၀-၂၀၁၁ ခုနှစ်ဘဏ္ဍာရေးနှစ်အထိကို မုဒုံမြို့နယ် မြေစာရင်းဦးစီးဌာနက မြေခွန်ပြေစာများထုတ်ပေးပြီး စည်းကြပ်အခွန်ကောက်ခံခဲ့ပါတယ်။ ခြံရှင်တွေဟာ မြေခွန်ခပေးသွင်း တယ်။ အစေးပြားခွန်ကို ရောင်းတယ်။ နိုင်ငံတော်ကို ထိုစဉ်အခါတုန်းကတော့ စီမံကိန်းဝင် အမျိုးအစား အဖြစ် သတ်မှတ်ထားတဲ့အတွက်ကြောင့် နိုင်ငံတော်ကို ရော်ဘာအစေးပြားတွေ တာဝန်ကျေပေးသွင်း ခဲ့ရပါတယ်။ အဲဒီတော့ ဒီ ခြံလုပ်သားတွေဟာ ရော်ဘာခြံပေါင်ချိန်ပြည့်ပေးသွင်းတယ်။ နိုင်ငံတော်ကို အခွန်ဆောင်ရတဲ့ အခွန်ထမ်းများလည်း ဖြစ်ကြပါတယ်။

ယခင်ကတည်းက သစ်တောဦးစီးဌာနမြေရဲ့ ယခုဖော်ပြပါ ဘုတ်တိုင်များနေရာမှာ သီးခြား သတ်မှတ်ထားပြီးတော့ ကင်းလွတ်ခွင့် ပေးထားပါတယ်ခင်ဗျား။ အဲဒီတော့ လွန်ခဲ့တဲ့ရာသီက သစ်တော ဌာနကနေ နယ်ခြားဘုတ်တိုင်ကို အခု ကျွန်တော်တို့ ရော်ဘာခြံစိုက်ပျိုးထားတဲ့ နယ်မြေကို ပြောင်းရွှေ့ သတ်မှတ်ပြီးတော့ ဒီသစ်တောပိုင်အနေနဲ့ အခွန်စည်းကြပ်ကောက်ခံမယ်ဆိုတော့ ဆွေးနွေးတင်ပြခဲ့တာ ကြားရပါတယ်။ ဒီလိုသစ်တောနယ်နိမိတ် အခွန်စည်းကြပ်ကောက်ခံမယ်ဆိုလို့ရှိရင် နှုန်းထားကြီးမြင့်တဲ့ အတွက်ကြောင့် မူလပေါ့ပါးတဲ့ နှုန်းထားနဲ့ ပေးဆောင်ခဲ့တဲ့ တောင်သူတွေဟာ အထူးပဲနစ်နာတဲ့ အတွက်

ကြောင့် ကျွန်တော်အခုတင်ပြချင်တဲ့ မေးခွန်းက ဒီလိုနေရာပြောင်းရွှေ့သတ်မှတ်ခြင်းအားဖြင့် နိုင်ငံတော်အတွက် အကျိုးရှိစေမလား။ ပြည်သူ့ခြံပိုင်ရှင်(၃၀၀)ကျော်ရဲ့ မိသားစုအတွက် အထူးဝန်ပိတဲ့ နစ်မွန်းစေမလားဆိုတာကို ချင့်ချိန်သုံးသပ်ပြီးတော့ သက်ညှာတဲ့ နူးန်းထားတဲ့ စည်းကြပ်ခွန် ကောက်ခံဖို့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ တင်ပြရခြင်းဖြစ်ပါတယ် ခင်ဗျား။ ကျေးဇူး အထူးတင်ပါတယ်။

မြေစာရင်းဦးစီးဌာနက ရော်ဘာခြံတွေဖြစ်တဲ့အကြောင်း RR သင်္ကေတပြ မြေခွန်ပြေစာ ပုံ (ဆ)



ကျိုက်ကမော့ကြိုးဝိုင်းမိုင်တိုင် မြင်ကွင်းပုံ (ဆ-၁)



ကျိုက်ကမော့ကြိုးဝိုင်းမိုင်တိုင် မြင်ကွင်းပုံ (ဆ-၂)



**မြန်မာနိုင်ငံတစ်ဝန်းတွင် ကျောက်မီးသွေး သုံးစွဲလည်ပတ်လျက်ရှိသည့် ကျောက်ဆည်၊ ပင်းပက်နှင့် ပြည်ညောင်ဒေသများရှိ ဘိလပ်မြေစက်ရုံများအပြင် မြိုင်ကလေး တန်(၄၀၀၀)စက်ရုံတို့ကို သဘာဝဓာတ်ငွေ့အစား ကျောက်မီးသွေးအသုံးပြု၍ ပြောင်းလဲလည်ပတ်ရန် ဆောင်ရွက်နေမှုတို့သည် (EIA) (SIA) ဆန်းစစ်ချက်များ တင်ပြထားခြင်း ရှိ/မရှိ နှင့် ထုတ်လွှင့်အခိုးအငွေ့ (Air Emissions) များသည် အမိန့်ကြော်ငြာစာ(၆၁၅/၂၀၁၅) သတ်မှတ်စံနှုန်းအတွင်း ရှိ/မရှိ ကို မည်သည့်အဖွဲ့အစည်းက ကြပ်မတ်စစ်ဆေးသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမိုးမြင့်(ခ)ဆင်မြူရယ် က မြန်မာနိုင်ငံတစ်ဝန်းတွင် ကျောက်မီးသွေး သုံးစွဲလည်ပတ်လျက်ရှိသည့် ကျောက်ဆည်၊ ပင်းပက်နှင့် ပြည်ညောင်ဒေသများရှိ ဘိလပ်မြေစက်ရုံများအပြင် မြိုင်ကလေး တန်(၄၀၀၀)စက်ရုံတို့ကို သဘာဝဓာတ်ငွေ့အစား ကျောက်မီးသွေးအသုံးပြု၍ ပြောင်းလဲလည်ပတ်ရန် ဆောင်ရွက်နေမှုတို့သည် (EIA) (SIA) ဆန်းစစ်ချက်များ တင်ပြထားခြင်း ရှိ/မရှိနှင့် ထုတ်လွှင့်အခိုးအငွေ့ (Air Emissions) များသည် အမိန့်ကြော်ငြာစာ (၆၁၅/၂၀၁၅) သတ်မှတ်စံနှုန်းအတွင်း ရှိ/မရှိကို မည်သည့်အဖွဲ့အစည်းက ကြပ်မတ်စစ်ဆေးသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးစောမိုးမြင့် (ခ) ဆင်မြူရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် သတ္တုနှင့်

သယံဇာတနှင့် သဘာဝထိန်းသိမ်းရေးရာကော်မတီဝင် စောမိုးမြင့် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်၏မေးခွန်းကို Power Point အသုံးပြုခွင့်ပေးပါရန် တောင်းခံအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတစ်ဝန်း ကျောက်မီးသွေး သုံးစွဲလည်ပတ်လျက်ရှိတဲ့ ကျောက်ဆည်၊ ပင်းပက်နဲ့ ပြည်ညောင်ဒေသများမှာရှိတဲ့ ဘိလပ်မြေစက်ရုံ(၁၀)ရုံအပြင် လက်ရှိ မြိုင်ကလေး တန်(၄၀၀၀)ဆံ့စက်ရုံဟာ သဘာဝဓာတ်ငွေ့အစား ကျောက်မီးသွေးအသုံးပြုပြီး ပြောင်းလဲ လည်ပတ်ဖို့ ဆောင်ရွက်နေတာကို သိရပါတယ်။ ဒီစက်ရုံများက လက်ရှိ (EIA) ခေါ် ပတ်ဝန်းကျင်အပေါ် ထိခိုက်မှု၊ (SIA) ခေါ် လူမှုရေးအပေါ် အကျိုးသက်ရောက်မှုများ ဆန်းစစ်ပြုလုပ်ထားခြင်း ရှိ/မရှိ ဆိုတာ ကျွန်တော်တို့ သိလိုပါတယ်။ နောက်တစ်ဆက်တည်းမှာပဲ ဒီစက်ရုံတွေက ထုတ်လွှင့်တဲ့ အခိုးအငွေ့ (Air Emissions) တွေက ကျွန်တော်တို့ မြန်မာနိုင်ငံအစိုးရရဲ့ သတ်မှတ်ထားတဲ့ အမိန့်ကြော်ငြာစာအမှတ် (၆၁၅/၂၀၁၅) သတ်မှတ်နှုန်းအတိုင်း ရှိ/မရှိဆိုတာ ဘယ်အဖွဲ့အစည်းက ကြပ်မတ်စစ်ဆေးတယ်ဆိုတာ သိလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုမြင်ရတာတော့ ဘိလပ်မြေထုတ်တဲ့နေရာမှာ အသုံးပြုတဲ့ ကုန်ကြမ်း တွေဖြစ်ပါတယ်။ ဒီကုန်ကြမ်းတွေ စာရင်းကို ကြည့်မယ်ဆိုရင် ဘိလပ်မြေထုတ်တဲ့နေရာမှာ အများဆုံး သုံးတဲ့ ထုံးကျောက်ထဲမှာ Calcium Carbonate ဆိုတာ အဲဒီမှာ ကာဗွန်ဓာတ် အများကြီးပါပါတယ်။ ဒီ ကုန်ကြမ်းတွေကို အပူပေးလို့ ထွက်ပေါ်လာမယ့် လူတွေကိုအန္တရာယ်ပေးနိုင်တဲ့ ဓာတ်သတ္တုတွေ ဖြစ်ပါ တယ်။ ဒါကိုကြည့်လို့ရှိရင် ကျောက်မီးသွေးပါတဲ့ ဒြပ်စင်ကို အပူပေးလို့ရှိရင် ကျွန်တော်တို့အတွက် ဘယ်လောက်အန္တရာယ်ဖြစ်နိုင်တယ်ဆိုတာ သိမှာဖြစ်ပါတယ်။ ဒါက နိုင်ငံတကာ သတ်မှတ်ထားတဲ့ ကျောက်မီးသွေးစံနှုန်းဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အကောင်းဆုံးကျောက်မီးသွေး မရှိပါဘူး။ ဒီမှာတွေ့ရတာ တတိယအဆင့် Sub-Bituminus ဆိုတဲ့ ကျောက်မီးသွေးပဲ ရှိပါတယ်။ ဒီကျောက်မီးသွေး ထဲမှာ လူတကာတွေကြောက်တဲ့ ပြာဓာတ်(Ash) ဆိုတာ 11.2 Percent ပါပါတယ်။ ကန့်ဓာတ်ဆိုတာ 1.2 Percent ပါပါတယ်။ ဒီ ကျောက်မီးသွေးကို အပူပေးလိုက်လို့ရှိရင် ဒီ ပြာတွေကနေပြီးတော့ လေလွင့်ပြာအဖြစ်လည်းကောင်း၊ အောက်ကျုံးပြာအဖြစ်သော်လည်းကောင်း ထွက်ပေါ်လာပါတယ်။ အလားတူပဲ ဒီ ကန့် ကနေပြီးတော့ Sulphur Dioxide ဆိုတာ ကျွန်တော်တို့ ရေနဲ့ထိလို့ရှိရင် အက်ဆစ် ဖြစ်တဲ့ ဓာတ်တစ်မျိုးပါ။ အဲဒါလည်း ထွက်ပေါ်လာပါတယ်။ ဒါခုန ကျောက်မီးသွေး သုံးမျိုးသုံးစားကို တကယ်လို့ အပူပေးမယ်ဆိုရင် ထွက်ပေါ်လာမယ့် စွန့်လွှတ်ဒြပ်စင်ဓာတ်ငွေ့တွေ ဖြစ်ပါတယ်။ အဲဒီကို ကြည့်လို့ရှိရင် ကျွန်တော်တို့ Sub-Bituminus ဆိုတဲ့ ကျောက်မီးသွေးဟာ အများဆုံး အန္တရာယ်ဖြစ်နိုင်တဲ့ ဓာတ်ငွေ့တွေ ပေးတယ်ဆိုတာကို မြင်ရမှာ ဖြစ်ပါတယ်။

ဒါ နိုင်ငံတကာကနေပြီးတော့ သတ်မှတ်ထားတဲ့ လေထုညစ်ညမ်းမှုနှင့် ပတ်သက်တဲ့ ကန့်သတ် နှုန်း ဖြစ်ပါတယ်။ ဒီမှာ ကန့်သတ်တဲ့နှုန်းတွေက အပုံတစ်သန်းမှာဆိုရင် ဘယ်လောက်ပါရမယ်ဆိုတာ၊ အဲဒီ ထက် မပိုရဘူးဆိုတာ ရှိပါတယ်။ ဥပမာ Nitrogen Dioxide ဆိုရင် အပုံတစ်သန်းမှာဆိုရင် တစ်နှစ်ပတ်လုံးမှာ သူ(၄၀)ထက် မပိုရပါဘူး။ အလားတူပဲ ကျွန်တော်တို့ Particulate matter အင်မတန်သေးမှုန့်တဲ့ အမှုန့်အမွှားတွေကနေ တစ်နှစ်မှာ စမ်းသပ်တဲ့အခါကျလို့ရှိရင် အပုံတစ်သန်းမှာ သူက (၁၀)ထက် မပိုရပါဘူး။ အဲဒီတော့ ကျွန်တော်တို့ စက်ရုံတွေမှာ ဒီဟာတွေကို ဘယ်လိုစမ်းသပ်လဲ

ဆိုတာကို လူထုသိနိုင်အောင် ပွင့်လင်းမြင်သာစွာ ချပြဖို့လိုပါတယ်။ ဒါလက်ရှိ ကျွန်တော်တို့နိုင်ငံမှာ လည်ပတ်နေတဲ့ ကျောက်မီးသွေးသုံးတဲ့ ဘိလပ်မြေစက်ရုံတွေပါ။ ဒီစက်ရုံတွေဟာ ကျောက်မီးသွေးသုံးပြီး လည်ပတ်တယ်ဆိုတာကို ကျွန်တော်တို့ လုပ်သားပြည်သူများက မသိခဲ့ပါဘူး။ ဒါကြောင့်မို့လို့ ဒါတွေကို လည်း ကျွန်တော်ရဲ့ မေးခွန်းထဲမှာ မေးထားပါတယ်။ (EIA)၊ (SIA) ဘယ်လိုလုပ်ထားသလဲ။ ဘယ်သူက စစ်ဆေးသလဲဆိုတာ သိချင်ပါတယ်။ ဥပမာ သံတော်မြတ်စက်ရုံဆိုရင် ကျောက်ဆည်မှာရှိတဲ့ စက်ရုံ တစ်နေ့ကို တန်(၅၀၀၀)ထုတ်ပါတယ်။ ဒီ တန်(၅၀၀၀)ထုတ်နိုင်ဖို့ရာဆိုရင် ကျောက်မီးသွေး အနည်းဆုံး တန်(၇၀၀)သုံးရပါတယ်။ အဲဒီတော့ ဒီတစ်နှစ်ပတ်လုံးအတွက် ကျွန်တော် တွက်ထားတာ ဒီစက်ရုံ(၁၀) ရုံဟာ တစ်နှစ်ကို အလုပ်လုပ်ရက် ရက်ပေါင်း(၃၃၀)နဲ့ တွက်မယ်ဆိုရင် တစ်နှစ်ကို သူက (၁.၉)သန်း Carbon Dioxide ထွက်ပါတယ်။

ဒါနောက်ထပ်လည်မယ့် စက်ရုံပါ။ ဒီ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်မှာ ရှိပါတယ်။ ဒီအထဲမှာ ပါတဲ့ ကျွန်တော်တို့ ကရင်ပြည်နယ်က စက်ရုံဆိုလည်း တစ်နေ့ကို တန်(၄၀၀၀)ထုတ်ပါတယ်။ တကယ်လို့ ဒီ စက်ရုံတွေ (၅)ရုံစလုံး လည်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ တစ်နှစ်ကို ကျောက်မီးသွေးက ထွက်လာမယ့် Carbon Dioxide ရဲ့ ပမာဏကို ဒီမှာတွက်ထားပါတယ်ခင်ဗျား။ အားလုံးပေါင်း (၁.၈)သန်းလောက် ရှိမှာပါ။ ဒါကတော့ ကျောက်မီးသွေးသုံးတဲ့ စက်ရုံက ထွက်ပေါ်လာတဲ့ ဓာတ်ငွေ့ကြောင့် လူတွေအတွက် အန္တရာယ်ဖြစ်နိုင်တဲ့ အကြောင်းအရာလေးတွေပါ။ -----------

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်လိုက်ပါ။

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၈။**

**ဦးအုန်းဝင်း (ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ် တော်များ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေကြောင်း မေတ္တာပို့သလျက် ကျွန်တော် နှုတ်ခွန်းဆက်သပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဖြစ်ပါတယ်။

ပထမဆုံးမေးခွန်းဖြစ်တဲ့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟန်ဝင်းသိန်း ရဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ကံပေါက်ဒေသအား သတ္တုတွင်းနယ်မြေမှ ပယ်ဖျက်ပြီး ရွာမြေအဖြစ် သတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ ကြယ်ပွင့် ပြမေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်ကို Power Point တင်ပြခွင့်ပြုပါခင်ဗျား။

ဒီအခု ကျွန်တော် Power Point မှာ တင်ပြတဲ့အတိုင်းပါပဲ။ ဒီလုပ်ငန်းတွေဟာ လွန်ခဲ့တဲ့ ၁၉၁၁ ခုနှစ်မှာ အင်္ဂလိပ်လူမျိုး Col. Red Clift ကနေပြီးတော့ ဂရန်စရရှိပါတယ်။ အဲဒီနောက် ၂၀၁၆ ကနေ ၂၀၁၇ ခုနှစ်အထိ Merss ကံပေါက်မြန်မာကုမ္ပဏီလီမိတက်ကနေပြီးတော့ မိုင်းလီမိတက် အမည်နဲ့ ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၅၄ မှာ၊ ၁၉၆၈ မှာ ၁၈၇၁ မှာ အခုဒီဟာကိုပဲ ကံပေါက်သတ္တုတွင်း ကို ပြည်သူပိုင်ပြုလုပ်ခဲ့ပြီးတော့ သတ္တုတွင်းဝန်ကြီးဌာန၊ ခဲမဖြူ အဖြိုက်နက်ကော်ပိုရေးရှင်းကနေ ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၇၆ ကနေပြီးတော့ ၁၉၉၆ ခုနှစ်အထိ အမှတ်(၂)သတ္တုတွင်း၊ သတ္တုတူးဖော်ရေး လုပ်ငန်းကော်ပိုရေးရှင်းကနေပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၉၆ ကနေပြီးတော့ ၂၀၀၆ အထိ အကျိုးတူ ဖက်စပ်ထုတ်လုပ်မှုလုပ်ငန်းအနေနဲ့ ကန်ထရိုက်တာ ဦးအောင် က နေပြီးတော့ မြေဧရိယာ (၄၉၇၂) ဧကမှာ ဆောင်ရွက်ခဲ့ပါတယ်။

ရေဖြူမြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနကနေပြီးတော့ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့ ရက်စွဲပါစာအရ တနင်္သာရီတိုင်း၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ ကံပေါက်ဒေသ၊ Mine Lease Area (၄၅၁၀)ဧကရရှိခဲ့ပါတယ်။ ကံပေါက်ဒေသမှာ ဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်နဲ့ ကုမ္ပဏီ(၃) ခုဟာ ခဲမဖြူ အဖြိုက်နက်ရောရာ သတ္တုအကြီးစား၊ အသေးစားထုတ်လုပ်မှု လုပ်ငန်းတွေကို လုပ်ကွက်(၃)ကွက်၊ စုစုပေါင်းမြေဧရိယာ (၂၁၆၉)ဧကမှာ လုပ်ကိုင်ဆောင်ရွက်လျက် ရှိပါတယ်။ အဲဒီ ကုမ္ပဏီ(၃)ခုအနက် Developers Entrepreneurs Liaison Construction Organizers Co.Ltd (DELCO) လုပ်ငန်းဧရိယာအားဖြင့် (၂၀၈၇)ဧကမှာ လုပ်ကိုင်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ DELCO ကုမ္ပဏီကလည်းကောင်း၊ (Power Point မှာ တွေ့ပါလိမ့်မယ်) အောင်ဟိန်းဗိုလ်ဝင်း ကုမ္ပဏီကလည်းကောင်း၊ နောက်တစ်ခါ ပုပ္ပါးအယ်(လ်)ကုမ္ပဏီက လည်းကောင်း၊ စုစုပေါင်းအားလုံး ဒီကုမ္ပဏီ(၃)ခုကို ကျွန်တော်တို့ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလအထိ ခဲမဖြူ အဖြိုက်နက်နဲ့ ရောရာအားလုံး (၂၃၅၉.၁၅၆၄)မစ်ထရစ်တန် ထုတ်လုပ်နိုင်ခဲ့ပါတယ်။

အဲဒီထုတ်လုပ်မှုရဲ့အပေါ်မှာ ကမ္ဘာ့ပေါက်ဈေးအရ ကျွန်တော်တို့ အမျိုးသားဝင်ငွေအဖြစ် အမေရိကန်ဒေါ်လာ (၁၇.၆၆၉)သန်းကျော်နဲ့ နိုင်ငံတော်အနေနဲ့ အမေရိကန်ဒေါ်လာ(၅.၂၇၃)သန်း ကျော် ခွဲဝေရရှိပြီးဖြစ်ပါတယ်။ အဲဒီကုမ္ပဏီ(၃)ခုရဲ့ သတ္တုလုပ်ကွက်တွေမှာ ပိဿာစားလုပ်သားများမပါ အလုပ်သမားဦးရေ(၄၀၀)ကျော် ခန့်ထားတဲ့အတွက်ကြောင့်မို့လို့ ဒေသအတွက်လည်း အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာတာကို တွေ့ရပါတယ်။ ဒါ့အပြင် DELCO ကုမ္ပဏီဟာ ကံပေါက်သတ္တုတွင်း ခွင့်ပြုလုပ်ကွက်အတွင်းမှာ ၂၀၁၄ ကနေ ၂၀၁၆ အထိ သြစတြေးလျနိုင်ငံ AMC ရဲ့ အကူအညီကို ရယူပြီးတော့ ခဲမဖြူ အဖြိုက်နက်သတ္တု စမ်းသပ်တိုင်းတာရေးလုပ်ငန်းတွေကို ကံပေါက်သတ္တုတွင်းမှာ ဆောင်ရွက်ခဲ့ပြီးတော့ ဝန်ကြီးဌာနကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှာ ကံပေါက်သတ္တုတွင်း ဖြစ်မြောက် နိုင်စွမ်း အကြိုလေ့လာမှုအစီရင်ခံစာကို တင်ပြခဲ့ပါတယ်။ အဲဒီတင်ပြတဲ့ အစီရင်ခံစာအရ ခဲမဖြူ အဖြိုက်နက်နဲ့ ရောရာ စုစုပေါင်း(၂၁၆၀၀)မက်ထရစ်တန်ခန့် ရှိကြောင်းကို စမ်းသပ်တွေ့ရှိခဲ့ပါတယ်။

အဆိုပါ သတ္တုသိုက်ပမာဏဟာ မူလပင်ရင်းသိုက်ဖြစ်တဲ့ (Primary Deposit) တွက်ချက် တာ လုံးဝမပါသေးဘဲနဲ့ အပေါ်မှာရှိတဲ့ နုန်းမြေသိုက်လို့ခေါ်တဲ့ (Placer Deposit) နဲ့ ကျွန်တော်တို့ အပေါ်က ဖြစ်လာတဲ့ ကျေပျက်သိုက် (Eluvial Deposit) မှာ တွက်ချက်ထားတဲ့ ပမာဏသာ ဖြစ်ပါတယ်။

ကုမ္ပဏီအနေနဲ့ စမ်းသပ်တိုင်းတာရရှိတဲ့ အချက်အလက်များကို ကနေဒါနိုင်ငံ Savitor Tin-Tungsten Pte ကုမ္ပဏီရဲ့ ဘူမိဗေဒပညာရှင်များနဲ့ ဆက်လက်လေ့လာတဲ့အခါမှာ ပင်ရင်းသိုက် သတ္တုသိုက်က ထပ်မံတွေ့ရှိလာမယ်ဆိုလို့ရှိရင် သတ္တုသိုက်ပမာဏဟာ ပိုပြီးများပြားလာပါမယ်။ သတ္တုဖြစ်ထွန်းမှု တည်ရှိမှုကို ဘူမိရူပဗေဒနည်းစဥ်များဖြစ်တဲ့ Ground Magnetic, Area Magnetic နည်းတွေနဲ့ ထပ်မံတိုင်းတာရန် ခွင့်ပြုချက် ဆောင်ရွက်ဖို့အတွက် ၂၀၁၇ ခုနှစ်၊ အခု ကျွန်တော်တို့ ဇန်နဝါရီလ အတွင်းမှာ ဝန်ကြီးဌာနကို အဆိုပြု တင်သွင်းထားခြင်း ရှိပါတယ်။

သို့ပါ၍ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ ကံပေါက်ကျေးရွာအုပ်စုမှာ ကံပေါက်၊ မိချောင်းအိုင်၊ လှည်းကုန်း၊ ဖက်တောင် ဟူ၍ ကျေးရွာ(၄)ရွာရှိပြီးတော့ ကံပေါက်ကျေးရွာဟာ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာသော်လည်းပဲ မြေယာအဆောက်အအုံပိုင်ဆိုင်မှု၊ ဆောက်လုပ်မှု များနဲ့ ပတ်သက်ပြီးတော့ မြေအမျိုးအစားကတော့ သတ္တုတွင်းမြေအမျိုးအစားထဲမှာ ဖြစ်နေပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့ သတ္တုတွင်းနယ်မြေကို စွန့်လွှတ်ခဲ့ ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ကျေးရွာမြေအဖြစ် သတ်မှတ်ပေးနိုင်မယ်လို့ ပြည်ထဲရေးဝန်ကြီးဌာန က ဖြေကြားထားသော်လည်းပဲ ထပ်မံတွေ့ရှိရတဲ့ စမ်းသပ်တိုင်းတာချက်များအရ သတ္တုလက်ကျန်များ များစွာ ရှိနေတဲ့အတွက်ကြောင့်မို့လို့ လောလောဆယ်မှာ ကံပေါက်ဒေသကို သတ္တုတွင်းနယ်မြေမှ ပယ်ဖျက်ပေး နိုင်ခြင်းလည်း မရှိသေးပါကြောင်း ကျွန်တော်ရှင်းလင်းတင်ပြအပ်ပါတယ် ခင်ဗျား။

မေးခွန်း(၂)ဖြစ်တဲ့ ရခိုင်ပြည်နယ် အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်ကျော်ဇံ ရဲ့ ရခိုင်ပြည်နယ်အတွင်း ပြုန်းတီးသွားတဲ့ ဒီရေတောများမှာ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများကို မြန်မာ့သစ်တောမူဝါဒ ၁၉၉၅ နှင့်အညီ အနာဂတ်တွင် တည်ထောင်ပေးရန် အစီအစဥ် ရှိ/မရှိနှင့် စပ်လျဥ်းပြီး ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

သစ်တောဦးစီးဌာနဟာ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်းဆိုင်ရာ လုပ်ငန်းညွှန်ကြားချက်များကို ကိုယ်စားလှယ်တော်ကြီး ခုန တင်ပြသလိုပါပဲ ၁၉၉၅ ခုနှစ်က ထုတ်ပြန် ပြီးတော့ ၂၀၁၆ မှာတော့ ကျွန်တော်တို့ ပြန်လည်ရေးဆွဲပါတယ်။ အဲဒီ လုပ်ငန်းများအရ သစ်တော ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောအတွင်းမှာ ဒေသခံပြည်သူများကိုယ်တိုင် မိမိကိုယ်တိုင် သစ်တော စိုက်ခင်းများကို စိုက်ခြင်းအားဖြင့် ရရှိလာတဲ့ သစ်၊ မျောတိုင်၊ ထင်း၊ သစ်တောထွက်ပစ္စည်းများကို ရရှိ ပြီးတော့ ကျွန်တော်တို့ လူမှုစီးပွားဘဝမြှင့်တင်ပေးရန်၊ ဒေသခံပြည်သူများရဲ့ အခြေခံစားဝတ်နေရေး လိုအပ်ချက် ဖြည့်ဆည်းပေးရန်နှင့် နေ့စဥ်ကြုံတွေ့ရတဲ့ လူမှုဘဝလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ရည်ရွယ်ပြီးတော့ တိုင်းဒေသကြီး အသီးသီးမှာရှိတဲ့ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောနဲ့ အစိုးရက စီမံ ခန့်ခွဲမှုရှိတဲ့ ပေးနိုင်တဲ့မြေများကို ဒေသခံပြည်သူအစုအဖွဲ့ပိုင်တောများကို တည်ထောင်ခွင့်ပြုရာမှာ ဆိုရင် ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာဆိုလို့ရှိရင်ဖြင့် ကျွန်တော်တို့ ဒီခရိုင်(၄)ခုမှာ အသုံးပြုသူအဖွဲ့များ (၂၄၁)ဦး ရှိပြီးတော့ စုစုပေါင်း(၁၇၈၅၇.၄၃)ဧကကို ကျွန်တော်တို့ ဖွဲ့စည်းပြီးဖြစ်ပါတယ်။

ဒီရေတောအနေနဲ့ ပြောမယ်ဆိုရင်ကတော့ ရခိုင်ပြည်နယ်အတွင်းမှာဆိုရင် အစုအဖွဲ့ပိုင် အသုံးပြုသူများ(၅၃)ဦးရှိပြီးတော့ ကျွန်တော်တို့ စုစုပေါင်း(၆၄၅၃.၇၄)ဧက ရှိပါတယ်။ အဲဒီတော့

တစ်နည်းအားဖြင့် ပြောမယ်ဆိုလို့ရှိရင် ရခိုင်ပြည်နယ်မှာ အစုအဖွဲ့ပိုင်တောများ တည်ထောင်ခြင်း၊ ဒီရေတောတွေ တည်ထောင်ခြင်းဟာ ဆိုရင်ဖြင့် တော်တော်အားရစရာ ကောင်းပင်ကောင်းငြားသော် လည်းပဲ ဆက်လက်တည်ထောင်ဖို့ လိုပါသေးကြောင်း တင်ပြအပ်ပါတယ်။ ရခိုင်ပြည်နယ်၊ ဝမ်ဗိုက် ဒီရေတော ကြိုးဝိုင်းအတွင်းမှာရှိတဲ့ ဒီရေတောများကို ကျွန်တော်တို့ ဒေသခံပြည်သူများနဲ့ ပေါင်းပြီး တော့ ရေရှည်ဖွံ့ဖြိုးမှုဆိုင်ရာစီမံကိန်းကို (FAO) အကူအညီနဲ့ ၂၀၀၉ ကနေ ၂၀၁၁ အထိကို ကျွန်တော် တို့ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ ဆောင်ရွက်ခဲ့ပြီးတော့ ဘက်စုံပူးပေါင်း ပါဝင်တဲ့ ဒီရေတော စီမံအုပ်ချုပ်မှု လုပ်ကိုင်မှုဆိုင်ရာ စီမံချက်တွေရေးဆွဲခြင်း၊ ဒီရေတောဆိုင်ရာ လက်စွဲစာအုပ် များ ထုတ်ဝေခြင်း၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများ မြှင့်တင်ခြင်းနှင့် ပျိုးပင်များ ဖြန့်ဝေခြင်းလုပ်ငန်းများကိုလည်းပဲ ဆောင်ရွက်ခဲ့ပါတယ်။

ဒီရေတောများ ပိုမိုထိရောက်စွာ ထိန်းသိမ်းနိုင်ရေးအတွက် ကျောက်ဖြူခရိုင်၊ ရမ်းဗြဲမြို့နယ် မှာ ဝမ်ဗိုက်ကြိုးဝိုင်းနဲ့ မင်းကြောင်းကြိုးပြင်ကာကွယ်တောအတွင်းမှာ ၂၀၀၇-၂၀၀၈ ခုနှစ် ကနေပြီး တော့ ၂၀၁၆-၂၀၁၇ ခုနှစ်အထိ ကျွန်တော်တို့ ဒီရေတောဧကေအားလုံး (၁၉၅၀)ဧကကို စိုက်ပျိုးရန် ဖြစ်ပြီးတော့ ၂၀၁၇-၂၀၁၈ ခုနှစ်ကနေပြီး ၂၀၂၆-၂၀၂၇ မှာတော့ (၁၀)နှစ်စီမံကိန်းမှာ ဒီရေတော စိုက်ခင်း (၁၂၃၀)ဧကကို တည်ထောင်ရန်အတွက် အစီအစဉ်များကို ကျွန်တော်တို့ ရေးဆွဲထားပါတယ်။ Power Point မှာ ကျွန်တော်တို့ ကြည့်နိုင်ပါတယ်ခင်ဗျား။ အဲဒီ ဒီရေတောများ တည်ထောင်ခြင်းက ရခိုင်ပြည်နယ်အတွင်းမှာ သဘာဝပတ်ဝန်းကျင် မပျက်စီးရေး ဒီရေတောများအတွက် ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ အားလုံးစုစုပေါင်း ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော အားလုံး(၄၂၀၅.၄၁)ဧက တိုးချဲ့ရန်လည်း စီစဉ်ထားကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ ရခိုင်ပြည်နယ်မှာရှိတဲ့ ပျက်စီးသွားတဲ့ ဒီရေတောများ အပါအဝင် သစ်တောနယ်မြေအတွင်းမှာ ဒေသခံပြည်သူများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိတဲ့ ယာမြေများမှာ သီးနှံ သစ်တောရောနှောစိုက်ပျိုးခြင်း၊ (Agri Forestry) နည်းစနစ်ဖြင့် ဒေသခံပြည်သူပိုင် အစုအဖွဲ့ သစ်တောများကို ၂၀၁၇-၂၀၁၈ ခုနှစ်ကနေပြီးတော့ ၂၀၂၁-၂၀၂၂ ခုနှစ် (၅)နှစ်အတွင်းကို ကျွန်တော် တို့ ဧကပေါင်း (၃၀၉၀.၅၁)ဧက အကောင်အထည်ဖော်မှာ ဖြစ်ပါတယ်။ အဲဒီအပြင် ဒီရေတောများက ခုနက ကိုယ်စားလှယ်တော်ကြီး ရှင်းလင်းပြသလိုပါပဲ။ အင်မတန်အရေးကြီးပါတယ်။ အပေါ်ကနေ ကျလာတဲ့ နုန်းအနည်အနှစ်တွေ ဧရာဝတီမြစ်အစ ကချင်ပြည်နယ်ကနေ ဆင်းလာတဲ့ နုန်းအနည်အနှစ် အားလုံးကို ဒီ ဒီရေတောကနေ စုခံပြီး ထိန်းသိမ်းထားခြင်း ဖြစ်ပါတယ်။ အလွန်အရေးကြီးတဲ့အတွက် ကြောင့်မို့လို့ နှစ်ပေါင်း(၁၀၀)ကျော်ကတည်းက ဒီရေတောများကို စတင်တည်ထောင်ခဲ့ပါတယ်။ ယခု အခါမှာ ကျွန်တော်တို့ နိုင်ငံတော် ဒုတိယသမ္မတ(၁) ဦးမြင့်ဆွေ က နေပြီးတော့ ဥက္ကဋ္ဌအဖြစ် ဦးဆောင် တဲ့ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်မှု လုပ်ကိုင်မှုဗဟိုကော်မတီကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့မှာ ဖွဲ့စည်းပြီးတော့ အဆိုပါကော်မတီရဲ့ ကြီးကြပ်လမ်းညွှန်မှုနှင့် ဒီရေတောများအပါအဝင် မြန်မာ့ပင်လယ်ကမ်းရိုးတန်း သယံဇာတများ ရေရှည်တည်တံ့ရေးအတွက် စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်ရေးကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ရခိုင်ပြည်နယ် ကမ်းရိုးတန်းမှာ ပြုန်းတီးသွားတဲ့ ဒီရေတောများနေရာမှာ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောစိုက်ခင်းများကို မြန်မာ့သစ်တောမူဝါဒ ၁၉၉၅ နှင့်အညီ အနာဂတ်တွင်လည်း တည်ထောင်ပေးရန် အစီအစဉ်ရှိပါကြောင်း ကျွန်တော်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

တတိယမေးခွန်းကို ကျွန်တော်ဆက်လက်ဖြေကြားပါမယ်။ တတိယမေးခွန်းကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လတ် ရဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ မြို့သစ်မြို့၊ သနန်ကျေးရွာအုပ်စုတွင် ခွင့်ပြုချက်မရှိဘဲ သဘာဝသစ်တောဇကေ (၅၀)ကျော်ကို ခုတ်ထွင်ရှင်းလင်းထားသော ကုမ္ပဏီအား ဥပဒေအရ မည်သို့အရေးယူဆောင်ရွက်မည်ကို သိရှိလိုခြင်းနှင့် အဆိုပါမြေနေရာကို ဒေသခံပြည်သူများအား တရားဝင်လျှောက်ထားပါက စိုက်ပျိုးလုပ်ကိုင်ခြင်း ခွင့်ပြုနိုင်ခြင်း ရှိ/မရှိ ဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်းပြီး ကျွန်တော် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရနဲ့ပတ်သက်ပြီး ဖြေကြားသွားပါမယ်။

ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ အခင်းဖြစ်ပွားရာ နေရာဟာ သစ်တောနယ်မြေ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောအတွင်းမှာ ကျရောက်ခြင်းမရှိဘဲနဲ့ သဘာဝသစ်တောဖုံးလွှမ်းလျက်ရှိတဲ့ အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ မြေနေရာဖြစ်ပြီးတော့ အဲဒီနေရာမှာ ကိုယ်စားလှယ်တော်ကြီး ခုနက ရှင်းလင်းပြသလိုပါပဲ။ ပင်လယ်နေကြယ်ကုမ္ပဏီက နှစ်ရှည်သီးနှံစိုက်ပျိုးရန်အတွက် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက် စာနဲ့ မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်း စီမံခန့်ခွဲရေးဗဟိုကော်မတီအဖွဲ့ကို လျှောက်ထားဆဲအခြေအနေမှာ ခွင့်ပြုချက်မရရှိဘဲနဲ့ ၇-၂-၂၀၁၅ ရက်နေ့မှာ မြေကို စတင်ရှင်းလင်းခဲ့ပါတယ်။ သစ်တောဥပဒေပုဒ်မ ၁၂(က) မှာ မည်သူမဆို သစ်တောနယ်မြေနှင့် သစ်တောဖုံးလွှမ်းလျက်ရှိသည့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေနေရာတွင် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ သို့မဟုတ် စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုပါက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သဘောတူညီချက်ကို ကြိုတင်ယူရမယ်လို့ ပါရှိတဲ့အတွက်ကြောင့်မို့လို့ သစ်တောနယ်မြေအတွင်းမှာ ကျရောက်ခြင်းမရှိသော်လည်း သစ်တောဖုံးလွှမ်းမှု ရှိပါက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ သဘောထားမှတ်ချက်ကို ရယူရမှာဖြစ်သော်လည်းပဲ မရယူတဲ့အတွက်ကြောင့်မို့လို့ ပင်လယ်နေကြယ် ကုမ္ပဏီတာဝန်ခံ ဦးဝင်းမြင့် ကို သစ်တောဥပဒေ ပုဒ်မ ၄၀(ဇ)၊ နည်းဥပဒေ ၃၀ အရ တမူးမြို့နယ် သစ်တောဦးစီးဌာနကနေ တရားလို ပြုလုပ်ပြီးတော့ တမူးမြို့နယ်တရားရုံးရဲ့ ရာဇဝတ်အထွေထွေ အမှုအမှတ်(၂၄/၂၀၁၆) ၂-၁၂-၂၀၁၆ ရက်နေ့မှာ တရားစွဲဆိုထားပါတယ်။

အဆိုပါမြေနေရာကို ဒေသခံပြည်သူများ တရားဝင် လျှောက်ထားလုပ်ကိုင်ပါက အဆိုပါ မြေနေရာဟာ သစ်တောဦးစီးဌာနရဲ့ စီမံပိုင်ခွင့် မြေနေရာမဟုတ်တဲ့အတွက် ၂၀၁၂ ခုနှစ်မှာ ပြဋ္ဌာန်းထားတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း နည်းဥပဒေများနှင့်အညီ မြေလွတ်၊ မြေလပ်၊ မြေရိုင်း လုပ်ကိုင်ခွင့်၊ အသုံးပြုခွင့်ကို သက်ဆိုင်ရာ စီမံပိုင်ခွင့်ရှိတဲ့ဌာနအဖွဲ့အစည်းများသို့ တင်ပြလျှောက်ထားရမှာ ဖြစ်ပါကြောင်းနှင့် သစ်တောဖုံးလွှမ်းမှုရှိတဲ့အတွက် ယင်းမြေကို စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ ဌာနအဖွဲ့အစည်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ သဘောထားကို တောင်းခံလာပါက

စိစစ်ပြီးတော့ ပြန်လည်ဆောင်ရွက်ပေးမှာဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူး တင်ပါတယ်။

နောက် နံပါတ်(၄)မေးခွန်းဖြစ်တဲ့ မွန်ပြည်နယ်၊ အမှတ်(၆)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖေတင်ရဲ့ မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ မော်လမြိုင်-သံဖြူဇရပ်လမ်းမကြီး အရှေ့ဘက် ခြမ်း လက်တက်၊ နိုင်လှုံ၊ ကမာဝက်၊ ဂုံညင်းတန်း၊ ကလော့သော့ ကျေးရွာတစ်ကြောမှာရှိတဲ့ ဧက (၁၇၀၀)ကျော် ရာဘာခြံများအား ကျိုက္ကမော့ သစ်တောကြိုးဝိုင်း နယ်နိမိတ်အဖြစ် သတ်မှတ်၍ မှတ်တိုင်(ဘုတ်တိုင်)စိုက်ထူကာ စည်းကြပ်အခွန် ထမ်းဆောင်စေပါက နစ်နာလွန်းပါ၍ မူလက စိုက်ထူ ခဲ့သည့် နယ်ခြားမှတ်တိုင်(ဘုတ်တိုင်)နေရာတွင်ပင် ပြန်လည်စိုက်ထူပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီး ကျွန်တော် ဖြေကြားသွားပါမယ်။

ခုနက ကိုယ်စားလှယ်ကြီး တင်ပြခဲ့တဲ့ မော်လမြိုင်ခရိုင်၊ မုဒုံမြို့နယ်၊ ကျိုက္ကမော့ကြိုးဝိုင်းဟာ ၁၉၁၅ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့မှာ အခွန်တော်ဌာနရဲ့အမိန့်ကြော်ငြာစာအမှတ်(၆)နှင့် စတင်ဖွဲ့စည်း ပြီးတော့ လယ်ယာစိုက်ပျိုးရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဌာနခွဲ(၁)ရဲ့ ၂၂-၉-၁၉၆၀ ရက်စွဲပါစာအမှတ်၊ ၁၉-လသ-၆၀ နဲ့ သထုံ-အတ္ထရံ-ကတိုးနဲ့ ကိုယ်စားလှယ်သစ်တောခရိုင်၊ ကျိုက္ကမော့ ကြိုးဝိုင်းရဲ့ တစ်စိတ်တစ်ဒေသဖြစ်တဲ့ (၃၁၀၆)ဧကရှိတဲ့မြေကွက်ကို ကြိုးဝိုင်းအဖြစ်မှ ဖျက်သိမ်းရန် လောလောဆယ်အားဖြင့် မလိုအပ်သေးတဲ့အတွက် အဆိုပါမြေနေရာမှာ အဲဒီအခါက မြေယာကျေးလက် ကြီးပွားတိုးတက်ရေး (ARTC Corporation) ကနေပြီးတော့ သစ်တောဦးစီးဌာနမှ သတ်မှတ်ထားတဲ့ စည်းကမ်းချက်များအတိုင်း ရာဘာပင်စိုက်ပျိုးရန်အတွက် ကျွန်တော်တို့ ခွင့်ပြုခဲ့ပါတယ်။ အဲဒီနောက် ၁၉၆၂-၁၉၆၃ ခုနှစ်မှာ ကိုလံဘိုစီမံကိန်းအရ ဆင်းရဲသားများ အလုပ်အကိုင်ရရှိစေဖို့အတွက် ဒေသခံ လူထုများအား မိသားစု တစ်နိုင်တစ်ပိုင်(၁၀)ဧကကွက် သတ်မှတ်ပြီးတော့ အဆိုပါဧရိယာအတွင်း မိသားစုရာဘာခြံအဖြစ် စိုက်ပျိုးစေခဲ့ရာ(၂၈၀၂)ဧက စိုက်ပျိုးနိုင်ခဲ့ပြီးတော့ ကျန်တဲ့ (၃၀၄)ဧက က ကျောက်ကုန်းမြေဖြစ်ပြီးတော့ စိုက်ပျိုးနိုင်ခြင်းမရှိတဲ့အတွက် ချန်လှပ်ထားတာ ကျွန်တော်တို့ ရုံးမှတ်တမ်း များအရ စိစစ်တွေ့ရှိခဲ့ပါတယ်။ မုဒုံမြို့နယ် မြေစာရင်းဦးစီးဌာနကနေပြီးတော့ ကျိုက္ကမော့ကြိုးဝိုင်း မိသားစုရာဘာခြံအတွင်း ရာဘာစိုက်ပျိုးထားတဲ့ လက်တက်၊ နိုင်လှုံ၊ ကမာဝက်၊ ဂုံညင်းတန်း၊ ကလော့သော့၊ သိမ်ကုန်း၊ စိန်တောင်၊ ဖယ်ဒို၊ ကော့ပိထော် ကျေးရွာအုပ်စုများမှာရှိတဲ့ တောင်သူများရဲ့ ဧရိယာ(၁၆၇၂.၈၂)ဧကကို ၁၉၇၃-၁၉၇၄ ခုနှစ်ကစပြီးတော့ ၂၀၁၁-၂၀၁၂ အထိ တစ်နှစ်လျှင်(၅၅၂၀ ကျပ် ၇၅ ပြား) ကို သီးနှံခွန် စည်းကြပ်ကောက်ခံခဲ့ပါတယ်။ ခုနက ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ ပြေစာများ ဖြစ်ပါလိမ့်မယ်။

သစ်တောဦးစီးဌာနကနေပြီးတော့ သစ်တောကြိုးဝိုင်းအတွင်း ကျူးကျော်စိုက်ပျိုးခြင်းသည် တရားမဝင်သဖြင့် သစ်တောဥပဒေအရ အရေးယူဆောင်ရွက်ရာမှာ ကျူးကျော်သူများမှ မြို့နယ်မြေစာ ရင်းဌာနမှ ရေးသားထားတဲ့ သီးနှံခွန်ပြေစာများကိုပြသပြီး တရားဝင်ဟု ထင်မှတ်၍ ချေပမှုများရှိ ကြောင်း စိစစ်ရတဲ့အတွက် မလိုလားအပ်သောအရှုပ်အထွေးများ မဖြစ်ပေါ်စေရန် သစ်တောကြိုးဝိုင်း အတွင်း စိုက်ပျိုးလုပ်ကိုင်မှုများအတွက် သီးနှံခွန်ပြေစာများ ထုတ်ပေးခြင်း မပြုစေရန် မြို့နယ်များသို့ ဆက်လက် ညွှန်ကြားပေးပါရန် ညှိနှိုင်းမှုအရ မွန်ပြည်နယ်၊ မြေစာရင်းဦးစီးဌာနဟာ သစ်တောကြိုးဝိုင်း

မြေ ဖြစ်ပါက သီးနှံခွန်ပေးစာ ကြီးကြပ်ခြင်းကို ၂၀၁၂-၂၀၁၃ ခုနှစ်ကစပြီးတော့ ဆောင်ရွက်ခြင်းမပြု ရန် အကြောင်းကြားထားခြင်း ရှိခဲ့သဖြင့် မုဒုံမြို့နယ်မြေစာရင်းဦးစီးဌာနမှ အဆိုပါ မိသားစုရာဘာခြံ အတွင်း စိုက်ပျိုးလုပ်ကိုင်နေတဲ့ တောင်သူများရဲ့ ဧရိယာ(၁၆၇၂.၈၂)ဧကကို ၂၀၁၂-၂၀၁၃ ကစပြီး တော့ သီးနှံခွန် စည်းကြပ်ခြင်း မရှိတော့ပါဘူး။

အဲဒီအပြင် သစ်တောဦးစီးဌာနအနေနဲ့လည်း ယခုအထိ နှစ်(၃၀)မြေငှားစာချုပ် လုပ်ကိုင် ခြင်း မရှိသေးပါဘူးခင်ဗျား။ သထုံ၊ အတ္ထရံ၊ ကတိုးနဲ့ ကိုယ်စားလှယ်ခရိုင်၊ မုဒုံမြို့နယ်တွင် ၁၉၆၃- ၁၉၆၄ ကျိုက္ကမော့ကြိုးဝိုင်း နယ်နိမိတ်ပြင်ဆင်ခြင်း အပြီးသတ် အစီရင်ခံစာပုံစံမှာ ဘုတ်တိုင်အမှတ် (၂၈၂)ကနေပြီးတော့ (၃၃၆)အထိ ဘုတ်တိုင်(၅၅)တိုင်ဟာ သစ်တောဦးစီးဌာနမှ မြေယာကြီးပွား တိုးတက်ရေးကော်ပိုရေးရှင်းသို့ ရာဘာစိုက်ပျိုးရန် ခွင့်ပြုထားခဲ့တဲ့ ဧရိယာအတွင်း ပါဝင်တာကိုလည်း ပဲ ရုံးမှတ်တမ်းများအရ ကျွန်တော်တို့ စိစစ်တွေ့ရှိခဲ့ပါတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြေစာရင်းဦးစီး ဌာနနဲ့ သစ်တောဦးစီးဌာနတို့ ပူးပေါင်းပြီးတော့ ၂၀၁၃ ခုနှစ်မှာ နယ်မြေကွင်းဆင်း စစ်ဆေးချက်အရ မုဒုံမြို့နယ်၊ ကျိုက္ကမော့ကြိုးဝိုင်း အကွက်အမှတ်(၁၁၂)ကနေပြီးတော့ (၁၂၈)အတွင်း မိသားစုရာဘာခြံ ဥယျာဉ်အတွင်း ကျူးကျော်ထားသူ (၃၆၅)ဦး၊ (၁၆၂၇.၉၇)ဧကရှိကြောင်း တွေ့ရှိရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီးတော့ မွန်ပြည်နယ်၊ မုဒုံမြို့နယ် မော်လမြိုင်-သံဖြူဇရပ်လမ်းမကြီးအရှေ့ဘက် လက်တက်၊ နိုင်လှုံ၊ ကမာဝက်၊ ဂုံညင်းတန်း၊ ကလော့ သော့ကျေးရွာတစ်ကြောမှာရှိတဲ့ (၁၆၂၇.၉၇)ဧကဟာ ယခင် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေး ရာဝန်ကြီးဌာန၊ သစ်တောဌာနခွဲ(၁)မှနေပြီးတော့ ၁၉၆၀ ခုနှစ်တွင် မြေယာကျေးလက်ကြီးပွားတိုးတက် ရေးကော်ပိုရေးရှင်း (ARTC) ကို ရာဘာစိုက်ပျိုးရန် ခွင့်ပြုထားတဲ့ဧရိယာ (၃၁၀၆)ဧကရဲ့ အချို့ ဧရိယာသာဖြစ်ပြီးတော့ ကြိုးဝိုင်းမြေအဖြစ်မှ ယနေ့တိုင် ထုတ်/နုတ် ပယ်ဖျက်ခြင်း မရှိခဲ့သေးပါဘူး ခင်ဗျား။ ထို့အတွက် သစ်တောဦးစီးဌာနမှ စီမံခန့်ခွဲမှုရှိတဲ့ သစ်တောမြေဖြစ်ခြင်းကြောင့် သစ်တောမြေ နယ်နိမိတ် ဘုတ်တိုင်များကိုလည်းပဲ သစ်တောကြိုးဝိုင်း နယ်နိမိတ်များမှာ စိုက်ထူခြင်းဖြစ်ပါတယ်။

သို့ပါ၍ ကျွန်တော်တို့ မြန်မာသစ်တောမူဝါဒအရ ကြိုးဝိုင်း/ ကြိုးပြင် ကာကွယ်တောများကို နိုင်ငံတော်ဧရိယာရဲ့ (၃၀)ရာခိုင်နှုန်းအထိ တိုးချဲ့ဖွဲ့စည်းရန် သတ်မှတ်ထားခြင်းကြောင့် သစ်တောကြိုး ဝိုင်းအဖြစ်မှ ပယ်ဖျက်ပေးရန် အစီအစဉ် မရှိခြင်း၊ ရာဘာစိုက်ခင်း တရားဝင် လုပ်ကိုင်နိုင်ရေးအတွက် အနှစ်(၃၀)မြေငှားဂရန်ကို ဆောင်ရွက်ရန် စည်းရုံး၍ဆောင်ရွက်လျက်ရှိခြင်း၊ မြေငှားခအဖြစ်လည်း တစ်နှစ်ကို တစ်ဧကမှာ (၁၀၀၀)သာ ပေးဆောင်ရမည်ဖြစ်ခြင်းကြောင့် အကျိုးအမြတ် ခွဲဝေတောင်းခံမှု မရှိခြင်း စတဲ့ အခွင့်အလမ်းများကို တွေ့ထားပါတယ်။ ဒါကြောင့်မို့ ဒေသခံများ ဝန်ထုပ်၊ ဝန်ပိုး မဖြစ်နိုင် ပါသဖြင့် ကြိုးဝိုင်းသစ်တောမြေအဖြစ်မှ ပယ်ဖျက်၍ နယ်နိမိတ်ဘုတ်တိုင်ကို ပြင်ဆင်စိုက်ထူပေးရန် အစီအစဉ် မရှိပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။

ပဉ္စမမေးခွန်းကို ကျွန်တော် ဖြေကြားပါမယ်။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးစောမိုးမြင့် (ခ)ဆင်မြူရယ်ရဲ့ မြန်မာနိုင်ငံတစ်ဝန်းတွင် ကျောက်မီးသွေး သုံးစွဲလည်ပတ်လျက်ရှိသည့် ကျောက်ဆည်၊ ပင်းပက်နှင့် ပြည်ညောင်ဒေသရှိ ဘိလပ်မြေစက်ရုံများ

အပြင် မြိုင်ကလေး တန်(၄၀၀၀)စက်ရုံကို သဘာဝဓာတ်ငွေ့အစား ကျောက်မီးသွေး အသုံးပြု၍ ပြောင်းလဲလည်ပတ်ရန် ဆောင်ရွက်နေမှုတို့သည် (EIA) (SIA) ဆန်းစစ်ချက်များ တင်ပြထားခြင်း ရှိ/မရှိ နှင့် ထုတ်လွှင့်သောအခိုးအငွေ့ (Air Emissions) များသည် အမိန့်ကြော်ငြာစာ(၆၁၅/၂၀၁၅) သတ်မှတ် စံနှုန်းအတွင်း ရှိ/မရှိကို မည်သည့်အဖွဲ့အစည်းက ကြပ်မတ်စစ်ဆေးသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်း ပြီးတော့ ကြယ်ပွင့်ပြမေးခွန်းကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနဲ့ ပေါင်းစပ်ပြီး ကျွန်တော် ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော်တို့ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၁၅/၂၀၁၅) နဲ့ ထုတ်ပြန်ထားတဲ့ ကျွန်တော်တို့ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံး၊ လုပ်နည်း ရဲ့ နောက်ဆက်တွဲ(က)အရ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း အမျိုးအစား နဲ့ ပတ်သက်ပြီးတော့ ကျွန်တော် Power Point မှာ တင်ပြထားတဲ့အတိုင်း ဒီ ထုတ်လုပ်မှု ပမာဏ (၁)မဂ္ဂါဝပ်နှင့်အထက် (၁၀)မဂ္ဂါဝပ်အောက် ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ (IEE) လုပ်ရပါတယ်။ ထုတ်လုပ်မှုပမာဏ (၁၀)မဂ္ဂါဝပ်နှင့်အထက် ဆောင်ရွက်မည်ဆိုပါက (EIA) ဆောင်ရွက်ရန် လိုအပ် ပါတယ်။ ဘိလပ်မြေနှင့် ထုံး ထုတ်လုပ်ခြင်းဆိုင်ရာနဲ့ ပတ်သက်ပြီးတော့ Power Point မှာ တင်ပြထားတဲ့ အတိုင်းပါပဲ။ ဘိလပ်မြေ တစ်နာရီလျှင် (၁၀)နှင့်အထက် တန်(၃၀)အောက်၊ ထုံး တစ်ရက်လျှင် တန်(၂၀) နှင့်အထက် တန်(၅၀)အောက် ထုတ်မယ်ဆိုရင်တော့ (IEE) ပြုလုပ်ရပါတယ်။ ဒီအတိုင်းပဲ ဘိလပ်မြေ တစ်နာရီကို တန်(၃၀)နှင့်အထက်၊ ထုံး တစ်ရက်ကို တန်(၅၀)နှင့်အထက် ထုတ်လုပ်မယ် ဆိုပါက (EIA) ဆောင်ရွက်ရန် ဖြစ်ပါတယ်။

အဲဒီတော့ စီမံကိန်းလုပ်ငန်း တစ်ခုချင်းအလိုက် တင်ပြတဲ့ (EIA)၊ (EMP) အပါအဝင် (IEE) ၊ (EIA) အစီရင်ခံစာများကို ကျွန်တော်တို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာန များမှ ကျွမ်းကျင်တဲ့ပညာရှင်များပါဝင်တဲ့ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ သုံးသပ်ရေး အဖွဲ့နဲ့ စိစစ်သုံးသပ်ပြီးတော့ ကျွန်တော်တို့ ပြန်ကြားဆောင်ရွက်လျက်ရှိပါတယ်။ အထက်တင်ပြပါ ဘိလပ်မြေစက်ရုံများမှာ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာများ တင်ပြခြင်းနှင့် စပ်လျဉ်း ပြီးတော့ ကျွန်တော် ဖြေကြားသွားပါမယ်။ ၂၀၀၂ ခုနှစ်မှ စတင်ပြီးတော့ သဘာဝဓာတ်ငွေ့နဲ့ လည်ပတ် ခဲ့တဲ့ မြိုင်ကလေး တန်(၄၀၀၀) ဘိလပ်မြေစက်ရုံကို သဘာဝဓာတ်ငွေ့အစား ကျောက်မီးသွေးနဲ့ ပြောင်းလဲလည်ပတ်နေခြင်းနဲ့ ပတ်သက်ပြီးတော့ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်းနှင့်အညီ လိုအပ်တဲ့ဆန်းစစ်ခြင်းအစီရင်ခံစာ သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက တင်ပြထားခြင်း အခုထိ မရှိခဲ့သေး ပါဘူးခင်ဗျား။ အလားတူပဲ မေးခွန်းမှာပါတဲ့ ကျောက်ဆည်ဒေသမှာရှိတဲ့ သံတော်မြိတ်၊ အေသုံးလုံး၊ ကျားခေါင်း၊ မြန်မာဆင်၊ တီကျစ်မှာရှိတဲ့ ပတ္တမြားနဂါး၊ နောင်ချိုမှာရှိတဲ့ ငွေရည်ပုလဲ ဘိလပ်မြေ စက်ရုံများဟာလည်းပဲ အခုထိကိုလည်း တင်ပြထားခြင်းလည်း မရှိသေးပါဘူး။ အဆိုပါ ဘိလပ်မြေ စက်ရုံများမှ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ချက်များကို ဆောင်ရွက်တင်ပြနိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအား ဆက်သွယ်ညှိနှိုင်း ကျွန်တော်တို့ အကြောင်းကြားမှာ ဖြစ်ပါတယ်။ ကျောက်ဆည်ဒေသမှာရှိတဲ့ Myanmar Conch ဘိလပ်မြေစက်ရုံ၊ ကျွန်တော်တို့ Power Point နှင့်

တင်ပြထားပါတယ်။ ဆင်မင်း(၂) ဘိလပ်မြေစက်ရုံ၊ ပြည်ညောင်ဒေသမှာရှိတဲ့ ရွှေတောင်ဘိလပ်မြေစက်ရုံ၊ ပင်းပက်မှာရှိတဲ့ ကမ္ဘောဇဘိလပ်မြေစက်ရုံတွေရဲ့ ကျွန်တော်တို့ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ချက်အစီရင်ခံစာကိုတော့ ကျွန်တော်တို့ ဝန်ကြီးဌာနကို တင်ပြပြီးတဲ့အတွက်ကြောင့်မို့လို့ သက်ဆိုင်ရာကျွမ်းကျင်တဲ့ ပညာရှင်များကနေပြီးတော့ အစီရင်ခံစာများကို သုံးသပ်ရေးအဖွဲ့များက နေပြီးတော့ လုပ်ထုံးလုပ်နည်းနှင့်အညီ သုံးသပ်စီစဉ် ဆောင်ရွက်နေပါတယ်။

ဒါကြောင့်မို့လို့ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း အစီရင်ခံစာ တင်ပြထားခြင်းမရှိတဲ့ အဆိုပါ စက်ရုံများမှာ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားဖြင့် လည်ပတ်နေခြင်းနှင့် စပ်လျဉ်းပြီးတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများနှင့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ပြီးတော့ လိုအပ်တဲ့ ပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာ သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် ကိုတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသို့ ပြုစုတင်ပြရေးအတွက် အဆိုပါ စက်ရုံများအား လုပ်ကိုင်ခွင့် သို့မဟုတ် ခွင့်ပြုမိန့် သို့မဟုတ် ပါမစ် သို့မဟုတ် လိုင်စင် သို့မဟုတ် မှတ်ပုံတင်ချထားပေးတဲ့ ဝန်ကြီးဌာနနဲ့ အဖွဲ့အစည်း အကျိုးတူပူးပေါင်းဆောင်ရွက်နေတဲ့ ဝန်ကြီးဌာနအဖွဲ့အစည်းများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများနဲ့ ကျွန်တော် ညှိနှိုင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အဆိုပါ စက်ရုံများမှ တင်ပြလာတဲ့ (EIA), (EMP) အစီအစဉ်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျွန်တော်တို့ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာ သုံးသပ်ရေးအဖွဲ့ကနေပြီးတော့ စိစစ်သုံးသပ်ပြီးတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ပြင်ဆင်ခြင်း၊ အတည်ပြုခြင်း၊ ဖြည့်စွက်ခြင်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး ခုနက ဆက်လက်မေးမြန်းထားတဲ့ ဘိလပ်မြေစက်ရုံများမှထုတ်လုပ်တဲ့ (Air Emissions) များဟာ အမိန့်ကြော်ငြာစာအမှတ်(၆၁၅/၂၀၁၅) သတ်မှတ်စံနှုန်းနှင့်အညီ ရှိ/မရှိကို မည်သည့်အဖွဲ့အစည်းက ကြပ်မတ်စစ်ဆေးသည်ကို သိရှိလိုပါကြောင်းနှင့် ပတ်သက်ပြီးတော့ ခုနက ကျွန်တော် တင်ပြခဲ့တဲ့အတိုင်းပါပဲ။ ဒီဇင်ဘာလ ၂၉ ရက်၊ ၂၀၁၅ ခုနှစ်၊ အမိန့်ကြော်ငြာစာအမှတ်(၆၁၅/၂၀၁၅)နဲ့ ထုတ်ပြန်ထားတဲ့ အမျိုးသားပတ်ဝန်း ကျင်ဆိုင်ရာ အရည်အသွေးထုတ်လွှတ်မှု လမ်းညွှန်ချက်များရဲ့ နောက်ဆက်တွဲ(က) အပိုဒ်(၂.၃.၆.၁) ဘိလပ်မြေနဲ့ ထုံး ထုတ်လုပ်မှုလုပ်ငန်းများမှာ ဘိလပ်မြေထုတ်လုပ်တဲ့ လုပ်ငန်းများအနေနဲ့ လိုက်နာဆောင်ရွက်ရမယ့် ထုတ်လွှတ်အခိုးအငွေ့အဆင့်များကို သတ်မှတ်ဖော်ပြထားပါတယ်။

ကျွန်တော် Power Point မှာ တင်ပြထားပါတယ် ခင်ဗျား။ ဒါ သူတို့ရဲ့ထုတ်လုပ်ရမယ့် စံချိန်စံညွှန်း ဖြစ်ပါတယ်။ ဒီအထက်ကကျော်လို့ရှိရင်တော့ ကျွန်တော်တို့ လေထုညစ်ညမ်းမှု ဖြစ်ပါလိမ့်မယ်။ အဲဒီတော့ စက်မှုလုပ်ငန်းများကနေပြီးတော့ ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်ပေါ်စေရေးအတွက် ထုတ်ပြန်ထားတဲ့ ဥပဒေနဲ့နည်းဥပဒေများ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးထုတ်လွှတ်မှု လမ်းညွှန်ချက်များ အမိန့်ကြော်ငြာစာအမှတ် (၆၁၅/၂၀၁၅)နှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိ ကို တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာရှိတဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လုပ်ငန်းခွင့်ပြုမိန့်ပေးတဲ့ ဌာနအဖွဲ့အစည်းများနဲ့ ပူးပေါင်း

ပြီးတော့မှ လိုအပ်သလို ကြပ်မတ်စစ်ဆေးသွားမှာဖြစ်ပါတယ်။ အခုလည်း ကျွန်တော်တို့ ကြပ်မတ်စစ်ဆေးနေဆဲဖြစ်ပါတယ်။ ဒီ့အပြင် နိုင်ငံတော်ဒုတိယသမ္မတ(၁)က နာယကအဖြစ် ဦးဆောင်ပြီးတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းအဖွဲ့အစည်းတို့မှ ကိုယ်စားလှယ်တော်များပါဝင်တဲ့ အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီရဲ့ စီမံကြီးကြပ်မှုနှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများပါတဲ့ စောင့်ကြည့်စစ်ဆေးရေးအဖွဲ့များကိုလည်း ဖွဲ့စည်းပြီးဖြစ်တဲ့ အတွက်ကြောင့် လိုအပ်သလို ကျွန်တော်တို့ ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြ ဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက် ၆ - ၁၂ -၂၀၁၆ ရက်နေ့မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အဆိုတင်သွင်းပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၇)ရက်မြောက် ၁၉-၁၂-၂၀၁၆ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားတဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သောပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၅၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၁၅ - ၂ -၂၀၁၇

ရက် (ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အဋ္ဌမနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၁၀း၅၉ နာရီအချိန်တွင် ရပ်နားပါသည်။]